**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**လျှောက်လွှာခေါ်ယူခြင်း**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| **စဉ်** | **ခန့်ထားမည့်ရာထူး (လစာနှုန်း)** | **ပညာအရည်အချင်း** | **ခန့်ထားမည့် ဦးရေ** |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) | အင်ဂျင်နီယာဘွဲ့(အီလက်ထရောနစ်)/ အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ)/ အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက် သိပ္ပံနှင့်နည်းပညာ)ရရှိသူ | (၅)ဦး |
| (ခ) | အငယ်တန်းစာရေး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ | (၂)ဦး |
| (ဂ) | စာရင်းကိုင်-၄ (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | စီးပွားရေးဘွဲ့(သို့မဟုတ်) တက္ကသိုလ် တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူ | (၂)ဦး |
| (ဃ) | ဒု-လက်ထောက်ဦးစီးမှူး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိသူ | (၈)ဦး |
| (င) | ဒု-လက်ထောက်ဦးစီးမှူး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | သိပ္ပံဘွဲ့(သင်္ချာ)/သိပ္ပံဘွဲ့(ရူပဗေဒ)ရရှိသူ | (၈)ဦး |
| (စ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | ကွန်ပျူတာဘွဲ့ရရှိသူ | (၁)ဦး |
| (ဆ) | ရုံးအကူ (၁၄၄,၀၀၀-၂၀၀၀-၁၅၄,၀၀၀) | အခြေခံပညာအလယ်တန်းအောင်မြင် ပြီးသူ | (၂)ဦး |
| (ဇ) | သန့်ရှင်းရေးအကူ (၁၄၄,၀၀၀-၂၀၀၀-၁၅၄,၀၀၀) | အခြေခံပညာအလယ်တန်းအောင်မြင် ပြီးသူ | (၂)ဦး |

၂။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြဆောင်ရွက်နိုင်သူ ဖြစ်ရမည်-

(က) ဒုတိယဦးစီးမှူးရာထူးနေရာများနှင့် အငယ်တန်းစာရေးနှင့် လစာနှုန်းတူ ရာထူးနေရာများ အတွက် လျှောက်ထားလိုသူများသည် လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ် အောက်နှင့် ဝန်ထမ်းဖြစ်ပါက အသက် (၃၈)နှစ်အောက်ဖြစ်ရမည်။ရုံးအကူနှင့် လစာနှုန်းတူ

ရာထူးနေရာများအတွက် လျှောက်လွှာပိတ်ရက်တွင် လျှောက်ထားလိုသူများသည် အသက်(၄၀)နှစ်အောက်ဖြစ်ရမည်။

(ခ) မဟာဘွဲ့/ပါရဂူဘွဲ့ရရှိထားသူများလည်း လျှောက်ထားနိုင်သည်။(အဆိုပါ ဘွဲ့ရရှိသူများအား အသက် သတ်မှတ်ချက်လျှော့ပေါ့စဉ်းစားပေးမည်ဖြစ်ပါသည်)

(ဂ) ကွန်ပျူတာအခြေခံ အသုံးပြုနိုင်သူဖြစ်ရမည်။(အောင်လက်မှတ် တစ်ပါတည်း တင်ပြနိုင်ရမည်)

(ဃ) ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် လျှောက်ထားလိုသူများအနေဖြင့် အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေကျပ် ၅၀၀၀၀၀၀/ (ကျပ် ငါးသိန်းတိတိ)နှင့် အငယ်တန်းစာရေးနှင့်လစာနှုန်းတူ ရာထူးနေရာများအတွက် လျှောက်ထားလိုသူများအနေဖြင့် အနည်းဆုံး(၂)နှစ်၊ တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေ ၃၀၀၀၀၀/-(ကျပ်သုံးသိန်းတိတိ) တို့ကို ပေးလျော်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ် ရေးထိုးရမည်ဖြစ်သည်။

(င) အလုပ်သမားမှတ်ပုံတင်ထားသူ ဖြစ်ရမည်။(ဝန်ထမ်းမဟုတ်သူများ)

(စ) နေရာဒေသမရွေး(အထူးသဖြင့် နေပြည်တော်၊ မော်လမြိုင်မြို့၊ မကွေးမြို့၊ တောင်ကြီးမြို့၊ ပဲခူးမြို့၊မုံရွာမြို့ရုံးခွဲ)များတွင် တာဝန်ချထားပါက သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၂)၊ နေပြည်တော်နှင့် အမှတ်(၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲသို့ (၂၄-၇-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်-

(က) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မိတ္တူ)၊ ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) အောင်မြင်ကြောင်းထောက်ခံချက်

(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း (လျှောက်လွှာပိတ်ရက် မတိုင်မီ (၃)လအတွင်း)

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၃)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ(၃)ပုံ (အင်္ကျီအဖြူရောင်၊ နောက်ခံအပြာရောင် ဓါတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း(လျှောက်လွှာပိတ်ရက်မတိုင်မီ (၃)လအတွင်း)

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) သက်တမ်းရှိအလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

(ဇ) စာမေးပွဲကြေး ပေးသွင်းပြီးကြောင်း အထောက်အထားမူရင်း

၄။ လျှောက်ထားသူများသည် စာမေးပွဲကြေးကျပ် ၃၀၀၀ဝ/-(ကျပ် သုံးထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ငွေစာရင်းအမှတ် MD 011092 သို့ ပေးသွင်းနိုင်သည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ Website(www.ptd.gov.mm) တွင် Download ရယူနိုင်ပါသည်။

၅။ ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် (၃၁-၇-၂၀၂၅) ရက်နေ့ (ကြာသာပတေးနေ့) နံနက် ( ၀၉:၃၀ ) နာရီမှ (၁၁:၃၀) နာရီထိ မြန်မာစာဘာသာရပ်ကိုလည်းကောင်း၊ (၁၃:၀၀)နာရီမှ (၁၅:၀၀)နာရီထိ အင်္ဂလိပ်စာဘာသာရပ်ကိုလည်းကောင်း၊ (၁-၈-၂၀၂၅) ရက်နေ့ (သောကြာနေ့) နံနက်( ၀၉:၃၀)နာရီမှ (၁၁:၃၀ )နာရီထိ အထွေထွေဗဟုသုတဘာသာရပ်ကိုလည်းကောင်း ပြုလုပ်သွားမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆို ခွင့်ကတ်ပြားများအား (၂၉-၇-၂၀၂၅) ရက်နေ့မှ (၃၀-၇-၂၀၂၅) ရက်နေ့အထိ ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ကတ်ပြားပြသ၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ရုံးအမှတ်(၂)နေပြည်တော်နှင့်ရန်ကုန်တိုင်းဒေသကြီးရုံးခွဲတို့တွင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းအား (၇-၈-၂၀၂၅) ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အငယ်တန်းစာရေးနှင့်လစာနှုန်းတူရာထူးနေရာများနှင့် ရုံးအကူနှင့် လစာနှုန်းတူရာထူးနေရာများအတွက် လျှောက်ထားသူများသည်(၈-၈-၂၀၂၅) ရက်နေ့တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကျွမ်းကျင်မှုစစ်ဆေးခြင်းများ ခံယူရမည်ဖြစ်ပါသည်။

၇။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လိပ်မူ၍ သက်ဆိုင်ရာဌာနမှတစ်ဆင့် (၂၄-၇-၂၀၂၅) ရက်နေ့နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)အား တစ်ပါတည်းတင်ပြရမည်ဖြစ်သည်။

၈။ လျှောက်လွှာနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျခြင်းနှင့်စာရွက်စာတမ်းများ ပြည့်စုံခြင်းမရှိပါက အဆိုပါလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းနံပါတ် ၀၆၇ -၃၄၀၇၂၅၀၊ ၀၉-၅၄၂၁၁၀၆ နှင့် ၀၉-၄၂၀၇၂၂၃၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။(အကြောင်းအမျိုးမျိုးကြောင့် နေ့ရက်၊ အချိန် ပြောင်းလဲမှုဖြစ်ပေါ်ပါက ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။)